# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၅၊ ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြခြင်းအတွက် တရားရုံးအမိန့်

*ပုဒ်မ ၄၃၀ (ဆ) နှင့် ပုဒ်မ ၄၃၁ (စ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)*

**မှတ်ချက်**
သတ်မှတ်ပုံစံတွင် လိုအပ်သောအချက်အလက်များကို
ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍
အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

ရုံးသုံးအတွက်သာ

## ကုမ္ပဏီအမည်

## မှတ်ပုံတင်အမှတ်

## ၁။ အထွေထွေညွှန်ကြားချက်

ပုဒ်မ ၄၃၀ (ဆ) နှင့် ပုဒ်မ ၄၃၁ (စ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> " ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟု ယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ ပယ်ဖျက်ခြင်း ခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ထို့နောက် ကုမ္ပဏီသည် ယင်း၏အမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့် မူလနေရာတွင်တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။ "

## ၂။ တရားရုံး၏အမိန့်မိတ္တူ

ပြင်ဆင်ရန်အတွက် လျှောက်ထားသူသည် ဤပုံစံနှင့်အတူ မှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီကို ပြန်လည်ဖော်ပြခြင်းနှင့် စပ်လျဉ်းသော တရားရုံး၏အမိန့် မိတ္တူတစ်စောင် ပူးတွဲရမည်။

## ၃။ တရားရုံး၏အမိန့်ရရှိသည့် ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးသည်မှာ

ဤပုံစံပါအချက်အလက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း သက်သေပြုပါသည်။

**လက်မှတ်** ____________________________________________

**အင်္ဂလိပ်ဘာသာဖြင့် အမည်အပြည့်အစုံကို ဖော်ပြရန် (မဖြစ်မနေရေးသွင်းရန်)**

## ၄။ ပေးပို့သူ

အမည်

နေရပ်လိပ်စာ

တယ်လီဖုန်း

အီးမေးလ်

## ၅။ ပူးတွဲပါစာရင်း

အောက်ပါတို့ကို ဤလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲရမည် -

- ☐ မှတ်ပုံတင်စာရင်းတွင် (ကုမ္ပဏီအမည်) ပြန်လည်ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏အမိန့်မိတ္တူ။
- ☐ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး။